# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့။

ယနေ့ စက်တင်ဘာလ (၂၀) ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါပိုးစီကျေးရွာအနီးတွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF ပူးပေါင်းတပ်တို့ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲသည် ယနေ့ နေ့လည် (၁၁)နာရီ ဝန်းကျင်တွင် တကြိမ်နှင့် ညနေ (၄) နာရီတွင် တကြိမ် ဖြစ်ပွားခဲ့ပါသည်။ ညနေပိုင်းတိုက်ပွဲမှာ ယခုကြေညာချက်ထုတ်ပြန်သည်အထိ အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ်နေပါသည်။

တိုက်ပွဲများအတွင်း KNDF မှရဲဘော်တဦးကျဆုံးပြီး ရဲဘော်အချို့ ထိခိုက် ဒဏ်ရာရခဲ့ပါသည်။ ကျဆုံးသွားသော တပ်ဖွဲ့ဝင်ကို အာဇာနည်သူရဲကောင်းအဖြစ် မှတ်ကျောက်တင် အလေးပြုပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် အရပ်ဝတ်များဖြင့် ကျေးရွာများရှိ နေအိမ်များအတွင်း ပုန်းခိုနေကာ တိုက်ခိုက်မှုများပြုလုပ်ပြီး ပြည်သူများ၏အိုးအိမ်များကို ဖောက်ထွင်း ဖျက်စီးခြင်းများ ပြုလုပ်လျက်ရှိပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များမှ လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာများသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲကာ လူနေအိမ်များ ပျက်စီးခဲ့ရပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။